**ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး**

**ခလယ်လွိုထူခရိုင်**

နေ့စွဲ-၂၉/၁/၂၀၂၄

# (၂၄)ကြိမ်မြောက်-ခလယ်လွိုထူခရိုင် ခရိုင်ကွန်ကရက်၏ ထုတ်ပြန်ကြေငြာချက်

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၊ ခလယ်လွိုထူခရိုင်၏ (၂၄)ကြိမ် မြောက်ကွန်ကရက်ကို (၂၀၂၄-ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့ မှ ၂၀၂၄ခုနှစ် ဇန်နဝါရီလ (၂၀)ရက်နေ့အထိ) အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့သည်။ ကွန်ကရက်သို့ ကေအဲန်ယူ–ဗဟိုမှ အရပ်ဘက်စစ်ဘက် ကိုယ်စားလှယ်(၈)ဦး၊ ဒူးသထူခရိုင် တပ်မဟာ(၁)၊ တောအူးခရိုင် တပ်မဟာ(၂)၊ မူတြော်ခရိုင် တပ်မဟာ(၅) တို့မှ အရပ်ဖက်စစ်ဖက်ကိုယ်စားလှယ် (၉)ဦး နှင့် သတင်းမှတ်တမ်းတင်သူ (၂၆)ဦး တက်ရောက်ခဲ့သည်။ ခလယ်လွိုထူခရိုင် တပ်မဟာ(၃), (လယ်ဒို၊ မူး၊ဆောထိ) မြို့နယ်၊ ကရင်မျိုးသားလွတ်မြောက်ရေးတပ်မတော် (K.N.L.A) တပ်ရင်း (၇,၈,၉) နှင့် ကရင်မျိုးသားကာကွယ်ရေးတပ်ဖွဲ့(K.N.D.O) တပ်ရင်း(၃) တို့မှ ကိုယ်စားလှယ်စုစုပေါင်း (၈၅)ဦး ပါဝင်တက်ရောက် ခဲ့သည်။

(၂၄)ကြိမ်မြောက် ခရိုင်ကွန်ကရက်သို့ တက်ရောက်လာသော ကိုယ်စားလှယ်အားလုံးသည် ခလယ်လွိုထူခရိုင်၏ စီမံအုပ်ချုပ်မှု နယ်မြေအတွင်း (၄)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော (အုပ်ချုပ်ရေး၊ စစ်ရေး၊ စည်းရုံးရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုရလဒ်)တို့၏ အားနည်းချက် အားသာချက်များအား ပြန်လည်စမ်းစစ် သုံးသပ်ပြီး ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ရပ်တည်ချက် လမ်းစဉ်လုပ်ငန်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအား ချမှတ်နိုင်ခဲ့သည်။

၂၀၂၁-ခုနှစ် ဖေဖော်ဝါရီ (၁)ရက်နေ့ စစ်အာဏာသိမ်းမှုမှ ပေါက်ပွါးလာခဲ့သော စစ်ရေးပဋိပက္ခကြောင့် တိုင်းပြည်၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးချွတ်ခြုံကျမှု၊ လူသားလုံခြုံရေး (Human Security) စသည့်ကိစ္စများအား အပြန်အလှန် ဆွေးနွေးသုံးသပ်တင်ပြကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ စစ်ရေးပဋိပက္ခကြောင့် မိမိတို့၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်း စစ်ဘေးရှောင်ပြည်သူ (၂၄၈၁၆၀) ဦး၊

ဒေသခံပြည်သူ၊ ကလေးသူငယ်၊ ကျောင်းသားကျောင်းသူ၊ ဘာသာရေးခေါင်းဆောင် (၁၂၈)ဦး သေဆုံးခဲ့ရပြီး (၃၅၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယနေ့လက်ရှိကာလ ပြည်သူလူထုတရပ်လုံး ရင်ဆိုင်ကြုံတွေ့နေရသော (စား, ဝတ်, နေရေး) အခက်အခဲ ဒုက္ခပေါင်းများစွာကို ပြည်သူအချင်းချင်း ယိုင်းပင်းကူညီစိတ်ဖြင့် ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်မှုကို လေးစားအသိအမှတ်ပြု မှတ်တမ်းတင်အပ်ပေသည်။ လူသားချင်းစာနာထောက်ထားသည့် ပြည်တွင်း/ပြည်ပမှ လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုများကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပေသည်။

ကွန်ကရက်အစည်းအဝေးအတွင်း (၄)နှစ်တာ ကာလအတွက် ရွေးကောက်တင်မြောက် ခဲ့သော ခရိုင် အမြဲတမ်း ကော်မတီ၊ ခရိုင်အလုပ်အမှုဆောင် ကော်မတီနှင့် ဌာနတာဝန်ခံများ၊ တရားဝင်ဖွဲ့စည်းထားသော ဆပ်ကော်မတီများအား ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ ချမှတ်ထားသော မူဝါဒ လုပ်ငန်းစဉ်နှင့် အညီ ရွေးချယ်တင်မြောက်နိုင်ခဲ့သည်။ ထို့ကြောင့် ပြည်သူများနှင့်အတူ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့် အပြည့်အဝရရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်သူထောင်စု ရရှိရေးအတွက် အဖိနှိပ်ခံဘဝတူ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ကြသည့် အဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် အတူတကွ ပူးပေါင်းပါဝင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာလိုက်သည်။

**အမြဲတမ်းကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ညောင်လေးပင်ခရိုင်**

**ဆက်သွယ်ရန်-**

**(၁)ပဒိုစောလာဖိုး(+၉၅၉၇၆၉၀၁၂၈၈)**
**(၂)စောနဲထူးဘျိုင်း(+၉၇၉၇၉၈၅၈၁၂၇၃)**